မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

November 7 , 2025 Volume 96 , Number 3


၇-၁၁-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၁.၈၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၀.၄၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၁.၇၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၁.၄၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၀၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၂.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၉၀ ကျပ် |

## ဝဥ ဝယ်လိုအားကောင်းပြီး ဈေးကောင်းရရှိနေ




လက်ရှိ ဈေးကွက်တွင် ဝဥများ ဈေးကောင်းနေပြီး လိုက်လံဝယ်ယူမှုများလည်း ရှိနေကြောင်း ဝဥစိုက်ပျိုးလုပ်ကိုင်သူများထံမှ သိရသည်။

ဝဥများကို ပြီးခဲ့သည့် စက်တင်ဘာ လဆန်းပိုင်းမှစ၍ တောင်သူများ စတင်တူးဖော်ရောင်းချနေကြပြီး ယခင်နှစ်ကထက် ဈေးကောင်းရနေသဖြင့် တူးဖော်ရောင်းချသူများ များပြားနေကြောင်း သိရသည်။

ဝဥများကို တူးဖော်ပြီး အစိုအတိုင်း ရောင်းချသူများရှိပြီး အချို့မှာ အခြောက်ခံပြီးမှ ပြန်လည်ရောင်းချခြင်းများလည်း ရှိကြသည်။

လက်ရှိ ဝဥအစို တစ်ပိဿာလျှင် ၂၀၀၀ ကျပ်အထက်နှင့် အခြောက်တစ်ပိဿာလျှင် ၁၅,၀၀၀ မှ ၃၀,၀၀၀ အထက်တွင် ရှိပြီး ဒေသတစ်ခုနှင့် တစ်ခု၊ အမျိုးအစားပေါ် မူတည်ကာ ဝယ်ဈေးနှုန်း အနည်းအများ ကွာဟနိုင်ကြောင်း သိရသည်။

"အခုကာလက ဈေးကွက်မှာ ဝဥ စပေါ်ချိန်ဆိုတော့ ဈေးကောင်းရနေတယ်။ ဝယ်ယူသူတွေလည်း များတယ်၊ လိုက်ဝယ်နေကြတယ်။ နောက်ပိုင်း ရောင်းတဲ့သူတွေများလာရင်တော့ ဈေးကွက်သဘောအရ ဈေးကကျသွားနိုင်တယ်။ အခုချိန်က မိုးရွာနေတော့ အစိုပဲ များဦးမယ်။ တချို့တွေကတော့ အရောင်ရွေးပြီး အဝါမျိုးပဲ ဝယ်ကြတာရှိတယ်" ဟု ဝဥစိုက်ပျိုးရေးလုပ်ကိုင်သူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအတွင်း အရောင်းအဝယ်ဖြစ်နေသော ဝဥအမျိုးအစားများမှာ သုံးမျိုးရှိပြီး ပန်းရောင်၊အဝါရောင်နှင့် အဖြူရောင်တို့ကို အများဆုံးအရောင်းအဝယ်ပြုလုပ်ကြကြောင်း


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

သိရသည်။

တချို့ဒေသများတွင် ဒေသတွင်းအခြေအနေ တည်ငြိမ်မှုမရှိသဖြင့် ဝဥခင်းများကို ထားခဲ့ကာ တိမ်းရှောင်နေရသောကြောင့် ဝဥမဖော်နိုင်ဘဲ အစေ့ဖြင့်သာ ရောင်းချနေရကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် ဝဥသီးနှံကို ဧက ၁၃,၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး ဝဥကို ချင်းပြည်နယ်တွင် အဓိကစိုက်ပျိုးကြသည်။

ဝဥကို ဝဥခြောက်အနေဖြင့်သာ ပြည်ပသို့ တင်ပို့မှုများပြားပြီး တရုတ်နိုင်ငံမှသာ အများဆုံး ဝယ်ယူနေကြောင်း သိရသည်။

**Source :** https://htwettoe.com/

## ပြည်တွင်းကြက်သားဈေးကွက် ဈေးမြင့်တက်လာရာ တစ်လအတွင်း တစ်ပိဿာ ငွေကျပ် ၅၀၀၀ ခန့် ဈေးမြင့်တက်လာ




ပြည်တွင်း ကြက်သားဈေးကွက် ဈေးမြင့်တက်လာရာ တစ်လအတွင်း တစ်ပိဿာ ငွေကျပ် ၅၀၀၀ ခန့် ဈေးမြင့်တက်လာကြောင်း ကြက်သား လက်လီ လက်ကားရောင်းချသူများထံမှ သိရသည်။

အောက်တိုဘာလဆန်းပိုင်းက ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၂၈,၅၀၀ ပေါက်ဈေးရှိရာ နိုဝင်ဘာလဆန်းပိုင်းတွင် ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၃၃,၅၀၀ ပေါက်ဈေးရှိလာပြီး တစ်လအတွင်း ကြက်သားတစ်ပိဿာ ငွေကျပ် ၅၀၀၀ ခန့် ဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း ကြက်သား လက်လီလက်ကားရောင်းချသူတစ်ဦးက ပြောသည်။

"မွေးမြူသူတွေကလည်း မွေးမြူစရိတ်၊ ကြက်သားပေါက် ရရှိမှု၊ အစာစရိတ်တွေ မြင့်တက်လာတော့ အကောင်ရေများများ မမွေးနိုင်တော့ဘူး။ ဒီရက်ပိုင်းက ပွဲတော်ကာလတွေဆိုတော့ ကြက်သားဝယ်လိုအားကလည်း ကောင်းနေပါတယ်။ ပြည်တွင်းကြက်မွေးသူတွေလည်း အလျှဉ်မမီတော့ ကြက်သားထုတ်လုပ်မှုလျော့ကျပြီး ဈေးကမြင့်တက်လာတာပါ´´ဟု ၎င်းက ပြောသည်။

ပြည်တွင်းကြက်မွေးသူများအနေဖြင့် ပြည်ပမှ ကြက်သားပေါက်မရှိခြင်း၊ ပြည်တွင်းကြက်စာဈေးများ ဈေးမြင့်တက်လာခြင်းများကြောင့် ကြက်မွေးမြူသူများ တစ်ပိုင်တစ်နိုင်သာမွေးမြူနိုင်ခြင်းကြောင့် ပြည်တွင်းကြက်သားထုတ်လုပ်မှုကျဆင်းကာ လက်လီဈေးကွက်တွင် ကြက်သားဈေး မြင့်တက်လာခြင်းဖြစ်ကြောင်း မွေးမြူသူများထံမှ သိရသည်။

" ပြည်တွင်း ကြက်သားပေါက်ရရှိမှုနည်းပြီး ပြည်ပက ကြက်သားပေါက်တင်သွင်းမှုမရှိတော့ မွေးမြူသူတွေ အခက်အခဲရှိလာပါတယ်။ နောက်ပြီး ကြက်စာဈေးတွေကလည်း ဈေးမြင့်တက်လာတော့ အရင်တစ်ခြံ ၁၅၀၀-၂၀၀၀ နှုန်းမွေးမြူရာမှ အခုလျှော့ချမွေးမြူနေပါတယ်"ဟု ကြက်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**Source : မကွေးဂျာနယ်**

## ကာလတစ်ခုကြာရပ်နားထားရသော ရှမ်းပြည်မှ ပြောင်းစိုက်ဧကသိန်းချီကို ယခုနှစ် ပြန်စိုက်နိုင်ရန် ပြင်ဆင်နေ

ရှမ်းပြည်နယ်တွင် ကာလတစ်ခုကြာရပ်နားထားရသည့် ပြောင်းစိုက်ပျိုးဧကပေါင်း သိန်းနှင့်ချီကို ယခုနှစ်တွင် ပြန်လည်စိုက်ပျိုးနိုင်ရန် ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးအေးချမ်းအောင်ကပြောသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြောင်းစိုက်ဧကပေါင်း ၁၆ သိန်း ဝန်းကျင်ရှိသည့်အနက် တစ်နိုင်ငံလုံး၏ ၁၅ ရာခိုင်နှုန်းခန့်ကို ရှမ်းပြည်နယ်တွင်စိုက်ပျိုးကြောင်းသိရသည်။



သို့သော် ၂၀၂၁ ခုနှစ်ကစတင်ခဲ့သည့် နိုင်ငံရေးအခင်းအကျင်းကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ပြောင်းစိုက်ပျိုးဧကများလျော့ကျသွားခဲ့ရာ ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးဧက သိန်းချီလစ်ဟင်းခဲ့ရကြောင်း သိရသည်။

“ပြောင်းစိုက်ဧက မြန်မာတစ်ပြည်လုံးအတိုင်းအတာနဲ့ဆိုရင်တော့ စိုက်ပျိုးရေးကထုတ်ပြန်တဲ့အချက်အလက်အရဆိုရင် (၁၅)သိန်း ဝန်းကျင်ရှိတယ်။ လုပ်ငန်းတွေနဲ့ ကုမ္ပဏီတွေနဲ့ ကောက်ယူတဲ့အချက်အလက်အရဆိုရင် ၁၆ သိန်းဝန်းကျင်လောက်ရှိတယ်။ ၂၀၂၄ ဝန်းကျင်မှာတော့ ဧကသိန်းနဲ့ချီပြီး လျော့သွားတယ်။ လျော့သွားတဲ့ဟာက အဓိက ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနဲ့အရှေ့ပိုင်းတိုင်းတွေက မြန်မာတစ်ပြည်လုံးရဲ့ ၁၅ ရာခိုင်နှုန်းက ဒီရှမ်းပြည်က ပြောင်းကို အဓိက စိုက်ပျိုးတာ"ဟု ၎င်းကပြောသည်။

ထို့ကြောင့် ယခင်နှစ်များက မစိုက်ပျိုးနိုင်ခဲ့သော ရှမ်းပြည်နယ်အတွင်းရှိ ပြောင်းစိုက်ဧကများကို ယခုနှစ်တွင် ပြန်လည်စိုက်ပျိုးနိုင်ရန်လုပ်ဆောင်နေလျက်ရှိကြောင်း သိရသည်။

" အခု ၂၀၂၅ မှာ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ နဂိုမစိုက်နိုင်တဲ့နေရာတွေကို ပြန်စိုက်လာအောင်လို့ ကျွန်တော်တို့က နည်းလမ်းတွေနဲ့တွန်းအားပေးပြီးတော့စိုက်ပျိုးမှုပြန်တက်လာအောင်လုပ်ဆောင်တာပါ"ဟု၎င်းကပြောသည်။

မြန်မာ့ဒေသထွက်ပြောင်းသီးနှံကို ပြည်တွင်း၌ လုပ်ငန်းအမျိုးမျိုးအတွက် ၃၅ ရာခိုင်နှုန်း အသုံးပြုနေပြီး ပိုလျှံသော ပြောင်းသီးနှံအဖြစ် ပြည်ပနိုင်ငံများသို့ ၆၅ ရာခိုင်နှုန်းတင်ပို့နေကြောင်းသိရသည်။

ပြောင်းဆန်ကို ပြည်ပသို့တင်ပို့ရာတွင် ထိုင်းနိုင်ငံသို့ ၅၀ ရာခိုင်နှုန်းဖြင့် အများဆုံးတင်ပို့နေပြီး ကျန် ၁၅ ရာခိုင်နှုန်းအနေဖြင့် အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တရုတ်စသည့်နိုင်ငံများသို့ တင်ပို့နေကြောင်းသိရသည်။

လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများပိတ်ထားသည့်အတွက် ပြောင်းဆန်တင်ပို့ရာတွင် ရေကြောင်းကိုသာ အဓိကအသုံးပြုနေရသည့်အတွက် အထိရောက်ဆုံးတင်ပို့နိုင်သည့် နယ်စပ်လမ်းကြောင်းများ ပြန်ပွင့်ရန်လည်း ဆန္ဒရှိနေကြောင်း သိရသည်။

"နယ်စပ်ကုန်သွယ်ရေးဆိုတာက ထိုင်းကိုအဓိကတင်ပို့တာက ၇၀ ရာခိုင်နှုန်းလောက်ရှိတယ်လေ။ အဲဒီလိုရှိတဲ့အခါမှာ မူတည်ပြီးတော့ အရင်တုန်းက ထိုင်းကိုတင်ပို့ရင် မြဝတီလမ်းကြောင်းပဲလေ။ ပြီးရင် တာချီလိတ်လမ်းကြောင်းရှိတယ်။ ပြီးရင် ရေကြောင်းက တင်ပို့တာရှိတယ်။ မြဝတီလမ်းကြောင်းက မပွင့်သေးတဲ့အခါကျတော့ ရေကြောင်းကပဲပို့ရတယ်။ အကယ်၍ မြဝတီလမ်းကြောင်း ပွင့်သွားတဲ့အခါကျရင်တော့ လမ်းကြောင်းက အတိုဆုံးနဲ့အထိရောက်ဆုံးဖြစ်တယ်။ ကုန်သည်တိုင်းကတော့ လမ်းကြောင်းတွေအကုန်လုံး ပွင့်နိုင်သမျှပွင့်ရင်တော့ ကြိုက်ကြတာပေါ့"ဟု ၎င်းကပြောသည်။

ယခုနှစ် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပြောင်းဆန်တန်ချိန် ၂ သန်း တင်ပို့ရန်ရည်မှန်းထားပြီး လက်ရှိအချိန်အထိ ၇ လအတွင်း တန်ချိန် ၁ သန်းကျော် တင်ပို့ထားကြောင်းလည်းသိရသည်။

Source : https://www.npnewsmm.com/

## မအူပင်မြို့နယ်တွင် ကြက်ဥဈေးကောင်းရရှိ၍ မွေးမြူရောင်းချသူများအဆင်ပြေ

မအူပင်မြို့နယ်သည် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သူ တောင်သူများရှိပြီးဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် မွေးမြူရေးလုပ်ငန်းလုပ်ကိုင် လာသူ စီးပွားရေးလုပ်ငန်းရှင်များလည်းရှိသည်။

မွေးမြူရေးလုပ်ငန်းတွင် ငါးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ပြီး တစ်ဖက်တစ်လမ်း ဝင်ငွေပိုမိုရရှိနိုင်ရန်နှင့် ငါးမွေးမြူရာတွင် အထောက်အကူပြုစေရန်အတွက် ကြက်နှင့်ဘဲများကို ငါးကန်များတွင် တွဲဖက်၍ မွေးမြူလာကြသည်။




စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် မိသားစုဘ၀ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် တစ်ပိုင်တစ်နိုင် အသားတိုးကြက် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရာ အဆင်ပြေ၍ အပိုဝင်ရရှိနေကြောင်း မအူပင်ခရိုင်အတွင်း ကြက်ခြံပိုင်ရှင်တစ်ဦးထံမှ သိရသည်။

မအူပင်မြို့နယ်မှ မွေးမြူထွက်ရှိသော ကြက်ဥ၊ ဘဲဥများကို မွေးမြူရေးခြံလုပ်ငန်းပိုင်ရှင်များက တစ်ပတ်လျှင် ၆ ဘီး ကား ၅ စီးဖြင့် ရန်ကုန်တင်ပို့ကြောင်း တင်ပို့လျက်ရှိကြောင်း၊ တစ်လအတွင်း မွေးမြူရေးတစ်ခြံမှ ကား ၁၅၀ နီးပါး ရန်ကုန်သို့တင်ပို့ကြောင်း ကြက်ဥ၊ ဘဲဥဈေးကောင်းလာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ ကြက်ခြံလုပ်သာများ၊ ကုန်သည်များ အဆင်ပြေလာကြောင်း သိရသည်။

တစ်ပိုင်တစ်နိုင် ကြက်မွေးမြူရေးလုပ်ငန်းတွေမှ ကြက်ဥနှင့် ဘဲဥများ ထွက်ရှိမှုနှင့် ရောင်းအားကောင်းမွန်လာမှုကြောင့် တိုးချဲ့မွေးမြူလုပ်ကိုင်လာပြီး အခြားဒေသများသို့လည်း တင်ပို့ရောင်းချနိုင်ခဲ့သည်။ ကြက်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်ရာတွင် သွင်းအားစုတွေဖြစ်တဲ့ အစာနဲ့ဆေးဈေးများ အနည်းငယ်မြင့်တက်လာပြီး ကြက်ခြံဆောက်လုပ်ရေးစရိတ်လည်း အနည်းငယ်မြင့်တက်လာသည်။အထွေထွေကုန်ကျစရိတ်နဲ့လုပ်အားခတွေပါ မြင့်တက်လာသောကြောင့် ကြက်ဥဈေးနှုန်းဈေးကွက်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ဥစားကြက်များကို အကောင် ၁၀၀လျှင် ငွေကျပ် ၄၀၀,၀၀၀ နှုန်းဖြင့် ဝယ်ယူမွေးမြူရကြောင်း သိရသည်။

ယခင်က ငွေကျပ် ၃၀၀,၀၀၀ကျပ်ဖြင့် ဝယ်ယူမွေးမြူရသည်။ ဥစားကြက်များ ၁၆ ပတ်သား ၁ကောင်လျှင် လက်ရှိဈေးနှုန်း ငွေကျပ် ၃၀,၀၀၀ နှုန်းဖြင့် ဝယ်ယူမွေးမြူရသည်။ ကြက်အကောင်ရေ ၅၀၀၀ မှာ ကုန်ကျစရိတ် ပိုမိုကြီးမြင့်လာသဖြင့် မွေးမြူသော ကြက်သားဖောက်လုပ်ငန်းလည်းရှိသဖြင့် ပြန်လည်မွေးမြူခြင်းမှ အကောင်ရေတိုးပွားလာခြင်းဖြစ်ကြောင်း၊ ကြက်အကောင်ပေါက် ပြန်လည်ရောင်းချခြင်းများလည်ရှိကြောင်း ခြံလုပ်ငန်းရှင်ထံမှ သိရသည်။

မအူပင်ခရိုင်သည် စိုက်ပျိုးရေးကိုအဓိကထားစိုက်ပျိုးသလို မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်လျက်ရှိရာ မွေးမြူရေးခြံမှထွက်ရှိသော ငါး၊ကြက်ဥနှင့်ဘဲဥများကို ရန်ကုန်သို့ အဓိကထားတင်ပို့ရောင်းချနေကြောင်း သိရသည်။

မအူပင်မြို့နယ်အတွင်း ကြက်ခြံမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သည်မှာ ၂၀၁၅ ခုနှစ်က စတင်လုပ်ကိုင်ဆောင်ရွက်လာကြောင်းသိရသည်။

မအူပင်မြို့နယ်တွင် ဥစားကြက်ခြံ ၁၇၁ ခြံရှိပြီး အကောင်ရေ ၉၉၅,၀၀၀ ဥစားကြက်ခြံပိုင်ရှင် ၂၂ ဦးနှင့် အသားစားကြက်ခြံ ၁၂၅ ခြံရှိပြီး မွေးမြူအကောင်ရေ ၇၈၀,၀၀၀ကောင် မွေးမြူသူလုပ်ငန်းရှင် ၃၇ဦးရှိကြပြီး ၎င်းခြံများမှ ကြက်ဥ၊ ဘဲဥ မြို့နယ်တွင်းရောင်းချသူလက်ကားဒိုင်များသို့ရောင်းချခြင်း နီးစပ်ရာမြို့များနှင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့နေကြောင်း သိရသည်။

မအူပင်မြို့နယ်၌ ၂၀၂၅ခု နှစ် အောက်တိုဘာလက ကြက်ဥအလုံး ၃၀ တစ်ကတ်လျှင် ငွေကျပ် ၁၃,၅၀၀ကျပ် လက်ကားဈေးရောင်းချပြီး၊ အလုံး ၃၀ ပါ ကတ် ၁၀၀ ဈေးကို ငွေကျပ် ၁,၃၅၀,၀၀၀ကျပ် အထိ ဈေးကောင်းရရှိနေခြင်းဖြစ်သည်။

ဘဲဥဈေးအနေဖြင့်အလုံး ၃၀ပါ တစ်ကတ် ၁၄,၄၀၀ ကျပ်၊ အလုံး ၃၀ ပါ ကတ် ၁၀၀ ဈေးနှုန်း ၁,၄၄၀,၀၀၀ ကျပ်ဈေးပေါက်နေကြောင်း၊ လက်လီဈေးအနေဖြင့် ကြက်ဥတစ်လုံးလျှင် ၅၀၀ ကျပ် ဘဲဥတစ်လုံးလျှင် ၅၈၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်အတွင်း ရောင်းချသူထံမှ သိရသည်။

**Source : DOCA(**ဧရာဝတီ)

## ဖိလစ်ပိုင်နိုင်ငံသမ္မတမားကို့စ်မှ အခြေခံစားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများအား ၂၀၂၅ ခုနှစ်၊ နှစ်ကုန်အထိ သတ်မှတ်ဈေးနှုန်းအတိုင်းရောင်းချရန် ညွှန်ကြား

သမ္မတမားကို့စ်ဂျူနီယာမှ ၂၀၂၅ ခုနှစ်၊ နှစ်ကုန်သည်အထိ အခြေခံစားသောက်ကုန်စည်များနှင့် လူသုံးကုန်ပစ္စည်းများအား ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလများတွင် ဈေးနှုန်းမြင့်တက်ခြင်းမပြုဘဲ သတ်မှတ်ဈေးနှုန်းများအတိုင်းသာ ရောင်းချသွားရေး ကြီးကြပ်ထိန်းကွပ်သွားရန် ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသို့ ညွှန်ကြားခဲ့သည်။

သမ္မတ၏ မလေးရှားနိုင်ငံသို့ သွားရောက်မည့် ၄၇ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမတိုင်မီ ၂၅-၁၀-၂၀၂၅ ရက်နေ့က သမ္မတမားကို့စ်ဂျူနီယာမှအခြေခံကုန်စည်များအား အမြင့်ဆုံးဈေးနှုန်းသတ်မှတ်ချက်ထက် ကျော်လွန်မရောင်းချရန်၊ အထူးသဖြင့် တင်သွင်းထားသည့်ဆန်နှင့် အခြားသောအရေးကြီးကုန်စည်များအား သတ်မှတ်ဈေးနှုန်းအတွင်း ရောင်းချသွားရန် ညွှန်ကြားခဲ့သည်။

ဈေးနှုန်းသတ်မှတ်ခဲ့သည့် ကုန်စည်များတွင် ငါးသေတ္တာသံဘူးများ၊ အသားဘူးများ၊ နို့ထွက်ပစ္စည်းများ၊ အသင့်သောက်ကော်ဖီများ၊ သောက်ရေသန့်ဘူးများ၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်များ၊ ပေါင်မုန့်၊ ဆား၊ ပဲငံပြာရည်၊ ငါးငံပြာရည်၊ ရှာလကာရည်၊ ဖယောင်းတိုင် စသည်တို့ပါဝင်ပါသည်။

ထို့ပြင် သမ္မတက ခရစ္စမတ်နှင့်နှစ်သစ်ကူးရုံးပိတ်ရက်ကာလများအတွင်း မလိုအပ်ဘဲ ကုန်စည်များ၏ဈေးနှုန်းများမြင့်တက်မှုမရှိစေရန် ကုန်စည်ထုတ်လုပ်ရောင်းချသူများနှင့်လည်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန်ကို သက်ဆိုင်ရာအစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများသို့လည်း ညွှန်ကြားထားကြောင်း ဖော်ပြပါရှိသည်။

သမ္မတမားကို့စ်ဂျူနီယာ၏ ညွှန်ကြားချက်မထွက်ရှိခင်ကပင် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးမှ နေ့စဉ်အခြေခံလိုအပ်ချက်ရှိနေသည့် စားသောက်ကုန်စည်များနှင့်လူသုံးကုန်စည်များ၏ ဈေးနှုန်းများကို မြင့်တက်မရောင်းချစေနိုင်ရေး သက်ဆိုင်ရာကုန်ထုတ်ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

The Price Act(Republic Act No.7581)အရ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး ဌာနအနေဖြင့် ကုန်ထုတ်လုပ်သူ၊ ရောင်းချသူ၊ ကုန်သည်များ၊ လက်လီ လက်ကားရောင်းချသူများအားလုံးကို ကြီးကြပ်ကွပ်ကဲရသည့် တာဝန်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ တာဝန်ရှိသူများသည်လည်း တာဝန်အရ လိုက်နာဆောင်ရွက်နေခြင်းထက် ၎င်းတို့ ကိုယ်တိုင် ပူးပေါင်းဆောင်ရွက်လိုသည့်စိတ်ဖြင့် ပူးပေါင်းသွားရန်လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့အတွက် ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ လွန်ခဲ့သော ၃ လကတည်းက အခြေခံကုန်စည်များ၏ အထွေထွေကုန်စည်ဈေးနှုန်းများကို ကွင်းဆင်းလေ့လာ၍ အမြင့်ဆုံးရောင်းချရမည့် ဈေးနှုန်းများအား သတ်မှတ်ပေးခဲ့ပြီး အဆိုပါ သတ်မှတ်ဈေးနှုန်းများနှင့်စပ်လျဉ်း၍သက်ဆိုင်ရာကုန်စည်ထုတ်လုပ်ရောင်းချနေသူများထံအီးမေးလ်မှတစ်ဆင့်ပေးပို့ အကြောင်းကြားခဲ့ပြီး သက်ဆိုင်သူများလည်း သိရှိလိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောတူညီချက်များရယူထားပြီးဖြစ်သည်။

**Source:** https://newsinfo.inquirer.net/2130650/president-sets-price-freeze-on-basic-goods-until-year-end

**(ကောသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

## အင်ဒိုနီးရှားသည် ဆည်မြောင်းနှင့်စားနပ်ရိက္ခာဖူလုံရေးအတွက် ဆည် ၁၅ ခုကို အရှိန်မြှင့်တည်ဆောက်

အင်ဒိုနီးရှားအစိုးရ၏ စားနပ်ရိက္ခာဖူလုံရေး ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း တည်ဆောက်ဆဲဆည် ၁၅ ခုပြီးစီးရန် အင်ဒိုနီးရှားပြည်သူ့လုပ်ငန်းဝန်ကြီးဌာနက အောက်တိုဘာ ၂၃ ရက်၌ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။



ရေကာတာတည်ဆောက်ရေးနဲ့ ရေရှည်အကျိုးရှိစေဖို့ ဆည်မြောင်းကွန်ရက်များ ပြန်လည်ထူထောင်ရေးနဲ့ လက်တွဲဆောင်ရွက်ရမယ်လို့ ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီး Dody Hanggodo က ပြောကြားခဲ့သည်။

"ရေကာတာ တည်ဆောက်မှုမှာ ဆက်သွယ်ရေးလမ်းကြောင်းများနှင့် ဆည်မြောင်းကွန်ရက်များ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လိုက်ပါဆောင်ရွက်ရမည်ဖြစ်ကြောင်း ရေရှည်တည်တံ့သော ရေပေးဝေမှုနှင့်အတူ လယ်ယာကုန်ထုတ်စွမ်းအားကို မြှင့်တင်နိုင်ပြီး လယ်သမားများ၏ သက်သာချောင်ချိရေးကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း Dody က ပြောကြားခဲ့သည်။

ဆည် ၁၅ ခု တည်ဆောက်မှုမှာ ၂၀၂၉ ခုနှစ် မတိုင်မီပြီးစီးရန် ရည်မှန်းထားကြသည်။ လုပ်ငန်းလည်ပတ်ပြီးသည်နှင့် တမံများသည် ဆည်မြောင်းဝန်ဆောင်မှုဧရိယာ ၁၈၄,၅၁၅ ဟက်တာမှ ၂၆၃,၀၅၅ ဟက်တာအထိ တိုးချဲ့ကာ စုစုပေါင်း စိုက်ပျိုးဧရိယာ ၂၇၇,၇၇၅ ဟက်တာမှ ၄၈၃,၁၆၃ ဟက်တာအထိ တိုးလာမည်ဖြစ်သည်။ ပိုမိုကောင်းမွန်သော ရေသွင်းစိုက်ပျိုးခြင်းဖြင့် သီးနှံထွက်ရှိမှုမှာ နှစ်စဉ် တန်ချိန် ၁ ဒသမ ၄ သန်းမှ တန်ချိန် ၂ ဒသမ၃၄ သန်းအထိ တိုးလာမည်ဟုလည်း ခန့်မှန်းထားကြကြောင်း သိရသည်။

**Source : Xinhua**

**DOCA(ရန်ကုန်)**

## STOCK EXCHANGE (7.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Nov. 2025

Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 8,455 (Shares) | 24,027,250 (MMK) |

**Stock trading**

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,500 | 8,600 | 8,200 | 256 | 2,152,500 | 33,109,694 | 284,743 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,450 | 3,500 | 3,450 | 1,166 | 4,072,700 | 38,929,150 | 136,252 |
| MCB | 00003 | 7,700 | -200 | -2.53% | 7,900 | 7,900 | 7,700 | 237 | 1,848,300 | 10,400,986 | 80,088 |
| FPB | 00004 | 2,250 | -50 | -2.17% | 2,250 | 2,250 | 2,200 | 5,092 | 11,455,950 | 29,664,613 | 66,745 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,900 | 2,900 | 2,850 | 82 | 236,700 | 12,823,224 | 36,546 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,800 | 1,800 | 1,700 | 582 | 997,150 | 19,977,223 | 34,960 |
| AMATA | 00007 | 3,500 | +0 | +0.00% | 3,450 | 3,500 | 3,450 | 73 | 252,000 | 10,497,598 | 36,742 |
| MAEX | 00008 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,100 | 967 | 3,011,950 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 7th Nov. 2025

**Today's summary**

| Index name | Close | Change | %Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.19 | -1.89 | -0.47% | 397.38 | 398.19 | 390.37 | 8,455 | 24,027,250 | 8 | 751,062 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 7th Nov, 2025

| Trading Volume | Trading Value |
|---|---|
| 8,456 (Shares) | 24,030,000 (MMK) |

## Main Board

As of 1:00 pm, 7th Nov, 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,455 (Shares) | 24,027,250 (MMK) |

| MYANPIX | 398.19 ▼ 1.89 |
|---|---|
| Total Volume (shares) | 8,455 |
| Total Value (MMK) | 24 mil |
| Listed Company | 8 |
| Market Cap. (MMK) | 751,062 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 7,700 | ▼ 200 |
| FPB | 00004 | 2,250 | ▼ 50 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,500 | ▲ 0 |
| MAEX | 00008 | 3,150 | ▲ 0 |

TIR